## ၁၀။ စပါးနံ့စုပ်ဂျပိုး

**Rice Ear bug/Slender Rice Bug: *Leptocorisa oratorius* (Fabricius, 1764)**


**Hemiptera: Alydidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ဥများမှာခတ်ပြားပုံသဏ္ဍာန်ပြားပြီး အညိုဖျော့ရောင်ရှိသည်။ပိုးမမည်သည်အညိုရောင်နှင့် အစိမ်း ရောင်ရှိသည်။အကောင်ကြီးမှာအစိမ်းရောင်မှလိမ္မော်ညိုရောင်အဖြစ် အမျိုးမျိုး ပြောင်း သွား သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



စပါးနှံတွင်ပါရှိသောစပါးစေ့အချို့မှာ ဖျင်းခြင်း၊အညိုရောင်စွန်းထင်းခြင်း၊ စပါးနှံများတွင် စုပ်စား နေသောအစိမ်းရောင်၊ စိမ်းညိုရောင်နှံစုပ်ဂျပိုးများ တွေ့ရသည်။ ထူးခြားချက်မှာ နံနက်စောစော နှင့်ညနေပိုင်းတွင်ဖျက်ပိုးသည်စပါးစေ့နို့ရည်များကိုစုပ်စားလေ့ရှိသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၆-၉)ရက် |
| ပိုးမမည် အဆင့် | **- ( ၁၄-၂၅ )** ရက် |
| အကောင်ကြီးအဆင့် | **- (၂၃-၈၀)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပေါင်းမြက်များကိုရှင်းလင်းပါ။

(၂)မနက်ခင်း၊ညနေပိုင်းတွင်လှုပ်ရှားမှုများပြီးနေရောင်တောက်ပချိန်တွင်အပင်ပေါ်နားနေလေ့ရှိပါသည်။ မီးရောင်ထောင်ချောက်အားတုန့်ပြန်မှုမရှိပါ။

(၃)နှံစုပ်ဂျပိုးသည်ညနေဝင်ခါနီးအချိန်မှနံနက်စောစောထိအပင်ပေါ်တွင်စုပ်စားပြီးနေထွက်လာသည်နှင့်အပင်အောက်သို့ဆင်းသွားသဖြင့်ညနေပိုင်းနေအေးချိန်တွင်ဆေးဖျန်းခြင်းကပို၍ထိရောက်သည်။

(၄)ပင်လုံးပြန့် အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရ မည့် ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ရိတ်သိမ်းပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)